**တအန်းတပ်မတော်နှင့် မြန်မာ့စစ်တပ်တို့ ယနေ့ တိုက်ပွဲ ၂ နေရာဖြစ်ပွား**

၂၀၁၈ ခုနှစ် မေလ ၂ ရက်

တအန်းပြည်နယ် တပ်မဟာ ၂ နယ်မြေ ကျောက်မဲမြို့နယ် တော့စန်ကျေးရွာအနီးနှင့် ညောင်ပန်လ အထက် လွယ်ယင်တောင်ကြောပေါ်တွင်တအန်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် TNLA နှင့် မြန်မာ့စစ်တပ်တို့ ယနေ့ မေလ ၂ ရက်နေ့တွင် တိုက်ပွဲ ၂ နေရာဖြစ်ပွားခဲ့သည်။

နံနက် ၀၉း၀၀ နာရီတွင် တအန်းတပ်မတော် တပ်ရင်း ၉၈၇ နှင့် မြန်မာ့စစ်တပ် တပ်မ ၇၇ တို့က လည်းကောင်း နေ့လည် ၁၁း၃၀ နာရီအချိန်တွင်တအန်းတပ်မတော် တပ်ရင်း ၆၆၆ နှင့် မြန်မာစစ်တပ် တပ်မ ၇၇ တို့က ထပ်မံထိတွေ့ တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

တအန်းတပ်မတော်နှင့်မြန်မာစစ်တပ်သည်ဧပြီလ ပထမ ပတ် တိုက်ပွဲဖြစ်ပွားသည့် နောက်ပိုင်းယနေ့ မေလ ၂ ရက်နေ့သည် ပထမဆုံး ပြန်လည်ဖြစ်ပွားသည့် တိုက်ပွဲဖြစ်သည်။မြန်မာစစ်တပ်သည် သင်္ကြန်ကာလ အပြီး ဧပြီလ ဒုတိယပတ် ကတည်းကပင် တအန်းပြည်နယ်အတွင်း တပ်မ ၇၇နှင့် တပ်မ ၈၈ တို့ ထပ်မံအင်အားဖြည့် ထိုးစစ်ဆင်ထားသည်။

PSLF/TNLA
သတင်းနှင့်ပြန်ကြားရေးဌာန